# သာမန်ကာလ (၁၅)ကြိမ်မြောက်တနင်္ဂနွေနေ့

ရှင်မာကု ၆း၇-၁၃

ယနေ့ဖတ်ရတဲ့ကျမ်းစာမှာ ယေရှုဘုရားက သူ့ရဲ့တရားတော်ကို ဟောပြောကြဖို့ တပည့်တော်ကြီးတွေကို စေလွှတ်တဲ့အကြောင်း သိရပါတယ်။ အဲဒီလို ဘုရားကစေလွှတ်လို့ နယ်လှည့်တရားဒေသနာဟောပြောတဲ့အခါ ဘယ်လိုပြောဆိုကျင့်ကြံပြုမူရမလဲဆိုတာကို လမ်းညွှန်ပေးပါတယ်။ နတ်ဆိုးတွေကိုနှင်ထုတ်နိုင်တဲ့အခွင့်အာဏာပေးတယ်။ လမ်းခရီးအတွက် စားဖို့ ဝတ်ဖို့ နေဖို့အတွက်တွေကို အလွန်အမင်းစိတ်မပူကြဖို့ သတိပေးထားတယ်။ ကိုယ်ရောက်တဲ့အရပ်မှာ ဆက်ဆံရေးပြေလည်စေဖို့ လမ်းညွှန်တယ်၊ ဟိုအိမ်ပြောင်းနေလိုက်၊ ဒီအိမ်ပြောင်းနေလိုက် မလုပ်ဖို့ ၊ သင့်တော်တဲ့အိမ်တစ်အိမ်ကိုပဲ ချမ်းသာတဲ့အိမ်ဖြစ်စေ ဆင်းရဲတဲ့အိမ်ဖြစ်စေ အပြီးထိနေဖို့၊ မဆိုင်ပဲ စကားမရှုပ်ဖို့ပါ မှာကြားပါတယ်။ ကိုယ်ဟောပြောတဲ့ ဘုရားရဲ့တရားတော်ကို သူတို့က လက်မခံ ငြင်းဆန်ရင် ဘာမှစိတ်အနှောက်ယှက်မဖြစ်ကြနဲ့။ ဒါ သူတို့ကိစ္စ သူတို့တာဝန်ပဲ၊ ကိုယ့်တာဝန်ကတော့ သူတို့ကို ဘုရားရဲ့တရားတော်ကို သိနားလည်အောင် ဟောဖို့ပဲ။ သူတို့က လက်မခံရင်လည်း ကိုယ်က အနေသာကြီးပဲ။ ခခယယ ချော့မော့ပြီး အောက်ကျနောက်ကျ ဟောမနေနဲ့။ သင့်ခြေထောက်က ကပ်ပါလာတဲ့ သူတို့အိမ်ကမြေမှုန့်ကိုတောင် ခါပစ်ခဲ့လိုက်။ ကိုယ်နဲ့ ဘာမှမပတ်သက်နဲ့။ အနေသာကြီးပဲ။

တရားဒေသနာဟောပြောဖို့ တာဝန်ထမ်းဆောင်ကြတဲ့အခါ အခုလို လိုက်နာရမည့်အကြောင်းအရာတွေကို ယေရှုဘုရားရှင်က လမ်းညွှန်သလို ကျနော်တို့ ဘုန်းကြီးမဖြစ်ခင် တစ်နှစ်အလို ကိုရင်ဘဝ နောက်ဆုံးနှစ်မှာ အဲ့ဒီလမ်းညွှန်ချက်တွေကို သင်ရပါတယ်။ အဲဒီလမ်းညွှန်ချက်တွေကို ဝါရင့်ဘုန်းကြီးအကြီးတွေက ရေးထားခဲ့တာပါ။ အဲဒါကို Pastoral Theology လို့ ခေါ်ပါတယ်။ ယေရှုဘုရားရှင်က ဘာရည်ရွယ်ချက်နဲ့ အခုလို လမ်းညွှန်ရတာလဲဆိုတော့ သူ့ရဲ့တရားတော်ကို အနှောက်အယှက် အဟန့်အတား အခက်အခဲမရှိ ပြောဟောနိုင်စေဖို့ပဲ ဖြစ်ပါတယ်။ လူချစ်လူခင် မပေါ်ပဲ ဘယ်တော့မှ တရားဟောလို့ ရမှာ မဟုတ်ဘူး။ ပုဂ္ဂိုလ်ခင်မှ တရားမြင်တယ် ဆိုတာ မမေ့ပါနဲ့။

တရားဟောပြောတယ်၊ သိုးထိန်းတာဝန် ထမ်းဆောင်တယ်ဆိုတာ အများသူငါအတွက် ကောင်းကျိုးတွေ ဖြစ်ထွန်းပါတယ်။ ကြည့်ပါ့လား၊ ယနေ့ကျမ်းစာရဲ့အဆုံးမှာ "သူတို့သည် များစွာသောနတ်ဆိုးများကို နှင်ထုတ်ကြ၍ မကျန်းမမာသောသူများစွာတို့ကိုလည်း ဆီနှင့်လူးကြလျက် ရောဂါပျောက်ကင်းစေကြလေ၏။" ဘယ်လောက်တောင် လူတွေ ဘုရားရဲ့ကျေးဇူးတော်ကို ခံစားရစေသလဲ စဉ်းစားကြည့်ပါ။

အထူးသဖြင့် ကျနော်တို့က ဘာသာသူဖြစ်လို့ ဘာကျေးဇူးတော်တွေ ထူးထူးခြားခြား ခံစားရပါသလဲဆိုတာ ယနေ့ဖတ်ရတဲ့ဒုတိယကျမ်း ရှင်ပေါလူးက ဧဖက်ဆုမြို့သူမြို့သားတို့ထံရေးတဲ့ ဆုံးမစာမှာ တွေ့ရပါတယ်။ "ငါတို့သည် ရှေ့တော်မှောက်၌ သန့်ရှင်းမြင့်မြတ်၍ အပြစ်ကင်းစင်သူများဖြစ်ကြစေရန် ကိုယ်တော်သည် ကမ္ဘာမတည်ရှိမီကပင် ငါတို့ကို ခရစ်တော်၌ ရွေးကောက်ထားတော်မူခဲ့၏။" (ဧဖက်ဆု ၁း၄) ။ ကျနော်တို့ကို ခရစ်ယာန်အဖြစ် ရွေးကောက်တယ်၊

ခရစ်ယာန်ဖြစ်လာစေတယ်ဆိုတာ ဘုရားရဲ့ကျေးဇူးတော်ပါပဲ။ ကျနော်တို့ကို သန့်ရှင်းမြင့်မြတ်တဲ့သူတွေဖြစ်ဖို့ အပြစ်ကင်းစင်တဲ့သူတွေဖြစ်ဖို့ ရွေးကောက်ထားတာပါ။ ဒါကြောင့် ကျနော်တို့ သန့်ရှင်းမြင့်မြတ်စေဖို့ "သင့်၏ရန်သူကို ချစ်လော၊ ခွင့်လွှတ်ကြေအေးရမယ်" စသဖြင့် သူများဘာသာတရားတွေမှာ မကြားဖူးလောက်အောင်အထိ တရားတွေကိုပေးထားခြင်းအားဖြင့် ကျနော်တို့ကို ဘုရားရဲ့သားသမီးလို သန့်ရှင်းမြင့်မြတ်စေချင်လို့ပါ။ "ကိုယ်တော်၌ ငါတို့သည် အသွေးတော်အားဖြင့် ကယ်တင်ခြင်းတည်းဟူသော ငါတို့၏အပြစ်များမှ ဖြေလွှတ်ခံရခြင်းကို ကိုယ်တော်၏ကြွယ်ဝသောကျေးဇူးတော်အလျောက် ခံစားရရှိကြ၏" (ဧဖက်ဆု ၁း၇) ကျနော်တို့ နောင်တရလိုက်တိုင်း အပြစ်တွေကနေ လွှတ်မြောက်သွားစေတယ်ဆိုတာကလည်း ဘုရားရဲ့ကျေးဇူးတော်ပါပဲ။ "ဤသို့ဖြင့် ကိုယ်တော်သည် အချိန်ကာလပြည့်စုံသောအခါ ကောင်းကင်နှင့် မြေကြီးအပေါ်တွင် ရှိသမျှသောအရာတို့ကို သားတော်၌ တစ်လုံးတစ်ဝတည်း ပေါင်းစည်းစေရန် ကြံရွယ်ထားတော်မူ၏" (ဧဖက်ဆု ၁း၁၀) အဲဒီလို ဘုရားရဲ့ကျေးဇူးတော်တွေကို တန်ဖိုးရှိရှိ အသုံးပြုနေရင်းနဲ့ အချိန်တန်လာတဲ့အခါ ကောင်းကင်ဘုံမှာ ထာဝရအသက်ရှင်စေဖို့ ဘုရားက ရည်ရွယ်ထားပါတယ်။ ဘယ်လောက် ဘုရားကို ကျေးဇူးတင် ချီးမွမ်းသင့်သလဲ စဉ်းစားကြည့်ပါ။

ဒီလောက်တောင် ဘုရားရဲ့ကျေးဇူးတော်တွေ ရရှိခံစားကြရလို့ ဝမ်းသာအားရ ပျော်ရမည့်အစား တစ်ခါတစ်ရံမှာ ကျနော်တို့ ဘုရားမကြိုက်တဲ့ အပြစ်အမှား ကျူးလွန်မိကြလို့ ကျနော်တို့ စိတ်ပျက်တတ်ကြတယ်။ ဒီအချိန်မှာ ကျနော်တို့ ဖြစ်သင့်တာက "ဟာ . . ငါတော့ မှားသွားပြီ။ နောက်တစ်ခါ မမှားမိအောင် ငါကျိုးစားတော့မယ်။ အပြစ်မလုပ်မိအောင် ငါ သတိထားတော့မယ်" ဆိုတဲ့ နောင်တရတာမျိုးပဲ ဖြစ်သင့်ပါတယ်။ "ငါတော့ အပြစ်ပြုမိသွားပြီ။ နောက်တစ်ခါ အပြစ်မပြုမိအောင် ငါ ကျိုးစားတော့မယ်" ဆိုတာကိုက ဘုရားရဲ့ကျေးဇူးတော်ပါပဲ။ အပြစ်ထဲမှာ သိသိကြီးနဲ့ ဆက်မနေပါဘူး။ အပြစ်ထဲနေရတာ မပျော်ဘူးဆိုတာကိုက ဘုရားရဲ့ကျေးဇူးတော်ပါ။ အဲလို နောင်တစိတ်မျိုးရှိရင် သင်ဟာ ကောင်းကင်ဘုံကို သွားတဲ့လမ်းပေါ် ရောက်နေပါပြီ။ ဒါကြောင့် ကောင်းမြတ်တဲ့ဘုရားက သင် အပြစ်လုပ်မိတိုင်း သင့်ကို မကောင်းတဲ့လူ/ အပြစ်သားလို့ မသတ်မှတ်ပါဘူး။ အားနည်းလို့သာ အပြစ်လုပ်မိပေမဲ့ သင့်စိတ်နှလုံးထဲက မယုတ်မာချင်ပါဘူးဆိုတာ ဘုရားက သိနေတယ်လေ။

စာမေးပွဲမှာ အောင်မှတ် ၅၀ ရမှ အောင်မှာကို ဒီကျောင်းသားက ၄၉ မှတ်ထဲရလို့ စာမေးပွဲကျရတယ်။ အမှတ် ၁ မှတ်တည်း ကပ်လိုသွားလို့ သင့်ကို စာမေးပွဲအကျထားတယ်။ ဘုရားက တရားစီရင်တဲ့အခါ အဲ့သလိုမဟုတ်ဘူး။ တစ်သက်လုံး စိတ်ကောင်းနှလုံးကောင်း ရှိလာပြီးမှ ကိုယ်ကျူးလွန်တဲ့အပြစ်တစ်ခုကြောင့် သင့်ကို ငရဲပို့ပါ့မလား။ လူကောင်းတစ်ယောက်ကတောင် အဲ့သလို ရက်စက်မှာ မဟုတ်ဘူး။ ဘုရားဆို ပိုပြီးနားလည် ခွင့်လွှတ်နိုင်တာပေါ့။ ဒါကြောင့် ယေရှုဘုရားရှင် လက်ဝါးကားတိုင်ပေါ်က မိန့်တော်မူလိုက်တာက "သူတို့ မသိလို့လုပ်မိတာ ၊ ခွင့်လွှတ်တော်မူပါဘုရား" တဲ့ ။

ဒါကြောင့် အဲ့ဒီလောက် ကြီးမြတ်တဲ့ဘုရားရဲ့ ကျေးဇူးတော်တွေကို လူတိုင်း သိရှိနားလည် တရားပေါက်စေဖို့ လူတိုင်းဆီကို တရားဟော သက်သေခံဖို့ သင့်ကို ဘုရားက စေလွှတ်နေပါတယ်။

ကိုယ်ခံစားရတဲ့ဘုရားရဲ့ကျေးဇူးတော်ကို ဟောပြောသက်သေခံကြပါစို့။ နားဆင်သူအားလုံးအပေါ် ဘုရားသခင်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။